# ပျို့ကဗျာဖွဲ့ဆိုရာနယ်ပယ်ဖြစ်ထွန်းတိုးတက်လာမှု
# လေ့လာချက်

ပါရဂူ(PhD)ဘွဲ့အတွက် တင်သွင်းသောကျမ်း

မခင်မမ

မြန်မာစာဌာန
ရန်ကုန်တက္ကသိုလ်

၂၀၀၆ခုနှစ်၊ ဒီဇင်ဘာလ

# ကျမ်းအကျဉ်းချုပ်

ဤကျမ်းသည် ပျို့ကဗျာဖွဲ့ဆိုရာနယ်ပယ် ဖြစ်ထွန်းတိုးတက်လာမှုလေ့လာချက် ကျမ်းဖြစ်ပါသည်။ မြန်မာပျို့ကဗျာများ၏ ဖြစ်ထွန်းတိုးတက်မှု ကို ခန့်မှန်းနိုင်ရန် မြန်မာစာပေရှိပျို့များကိုရှာ ဖွေ စုဆောင်းပြီး ပျို့စာရင်း တစ်စောင်ပြုစုကာ ဤကျမ်းတွင် ဖော်ပြထားပါသည်။ သုတေသနပြုချက်အရ ပျို့ပေါင်း ၄၁၇ စောင်ကို စာရင်းတင်နိုင်ပါသည်။ ပျို့စာရင်းတွင် ပျို့အမည်၊ ပျို့စာဆို၊ ကျမ်းပြီး နှစ်၊ ပျို့အစချီတို့ကိုသာမက မှတ်ချက်တွင် ပေမူအမှတ်၊ ပေမူအမျိုးအစား၊ ပျို့ကျမ်းရှိသည့်နေရာနှင့် အခြားသိမှတ်ဖွယ်အချက်များကိုဖော်ပြထားပါသည်။ စုဆောင်းရရှိသော ပျို့စာရင်းကို အက္ခရာစဉ်ပြီး မှတ်တမ်းတင် ပါသည်။ ပျို့စစ်တမ်း ထုတ်ပါသည်။

ကျမ်းပြီးသက္ကရာဇ်အရ အင်းဝခေတ်ပေါ်ပျို့ ၂၆ စောင် ၊ တောင်ငူခေတ်ပေါ်ပျို့ ၄ စောင်၊ ညောင်ရမ်းခေတ်ပေါ်ပျို့ ၅၇ စောင်၊ ကုန်းဘောင်ခေတ် ပေါ်ပျို့ အစောင် ၂၀၁ စောင် ၊ ကိုလိုနီခေတ်ပေါ်ပျို့ ၂၁ စောင်၊ လွတ်လပ်ရေးခေတ်ပေါ်ပျို့ ၇ စောင် ရှိကြောင်း တင်ပြထားပါသည်။ ထို့အပြင် ပျို့စာကိုယ်ရှိသော်လည်း ခေတ်ကာလ မခွဲခြားနိုင်သော ပျို့ ၇၄ စောင်နှင့် ပျို့အမည်သာသိရပြီး ပျို့စာကိုယ်မရှိ ၊ကျမ်းပြီးနှစ် မသိသောပျို့ ၂၇ စောင် ကို နောက်ဆက်တွဲ တွင်ဖော်ပြ ထားပါသည်။

ပျို့ဖွဲ့ဆိုရာနယ်ပယ် ဖွံ့ဖြိုးတိုးတက်လာပုံကို သိနိုင်ရန် ပျို့စာကိုယ် ရှာ ဖွေ့တွေ့ရှိသော ပျို့ပေါင်း ၂၂၁ စောင်ကို လေ့လာခဲ့ပါသည်။ ပျို့ရေးဖွဲ့ရာ အကြောင်းအရာအလိုက် ပျို့နယ်ပယ် ၂၁ ခုတွေ့ရသည်။

ပျို့နယ်ပယ်များအလိုက် စုစည်းထားသော ပျို့များမှ သင့်နိုးရာ ရာသော ပျို့ပေါင်း ၃၆ စောင်ကို ရွေးချယ်ပြီး ပျို့ရေးဖွဲ့သောခေတ်၊ ပျို့စာဆို၊ ပျို့စာကိုယ်(စာပေလက်ရာ) စသည့် ထောင့်သုံးထောင့်မှ ကြည့်၍သုံးသပ်ပါသည်။ အလေ့လာခံပျို့များကို အခြေပြုပြီး ပျို့နယ်ပယ်များကို ခေတ်စဉ် အတိုင်း အင်းဝခေတ်မှ ကိုလိုနီခေတ်တိုင် တစ်ခေတ်ပြီး တစ်ခေတ် သုံးသပ်ပါသည်။ ထို့နောက် ပျို့ဖွဲ့ဆိုရာ နယ်ပယ်များအားလုံးကို အစီအစဉ်အလိုက် ခြုံငုံသုံးသပ် တင်ပြပါသည်။ နောက်ဆက်တွဲတွင် ပျို့စာရင်းများကို ဖော်ပြထားပါသည်။

ပျို့သည် အင်းဝခေတ်တွင်အရှိန်ကြီးမားခဲ့ပြီး တောင်ငူခေတ်တွင် အားနည်းသွားပါသည်။ ညောင်ရမ်းခေတ်တွင် ဖွံ့ဖြိုးကာ ကုန်ဘောင်ခေတ်တွင် ပြန်လည်ဖြစ်ထွန်း တိုးတက်များပြား လာသည်။ ကိုလိုနီခေတ်တွင် တစ်စတစ်စ မှေးမှိန် တိမ်ကောလာပြီး လွတ်လပ်ရေးခေတ်တွင် ကား ပျို့သမိုင်း နိဂုံး ချုပ်ခဲ့သည်။ ပျို့၏ထူးခြားချက်မှာ ပျို့သည်စကားလုံး ကြွယ်ကြွယ်ဖြင့် ပိုဒ်ရေများစွာ ရေးဖွဲ့နိုင် ခွင့် ရှိခြင်း ၊ အကြောင်းအရာ နယ်ပယ်ကိုလည်း မိမိစိတ်ကြိုက် ချဲ့ထွင်နိုင်ခွင့် ရှိခြင်း တို့ဖြစ်သည်။ မြန်မာစာပေခရီးတစ်လျှောက် နှစ်ကာလကြာမြင့်စွာ တည်ရှိခဲ့သော မင်းပွဲဝင် ဂန္ထဝင်ပျို့ကဗျာသည် မြန်မာစာပေ ယဉ်ကျေးမှုအတွက် များစွာအကျိုးပြု နိုင်ကြောင်း လေ့လာ သိရှိရပါသည်။